# အရိပ်ရသစ်ပင် ၅၀၀၀ ပေးအပ်လှူဒါန်းပွဲ

# NEWSLETTER




ကမ္ဘာမြေပေါ်တွင် သစ်တောသစ်ပင်များပြုန်းတီးလာခြင်းသည် ရာသီဥတုဖောက်ပြန်မှု အတွက် အဓိကတွန်းအားပေးနေသည့် အကြောင်းရင်းတစ်ရပ်ပင် ဖြစ်သည်။ "ဥတုရာသီ တောကိုမှီ၏"ဆိုသည့် ဆောင်ပုဒ်အတိုင်း ရာသီဥတု ဖောက်ပြန်မှုကို ဟန့်တားရာတွင်လည်း သစ်တောသစ်ပင်များသည် အဓိကကျသော အခန်းကဏ္ဍ မှ ပါဝင်သည်။



မြန်မာ့သြဘာလုပ်ငန်းစုအနေဖြင့် မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်တွင် စိမ်းလန်းစိုပြည်ပြီး အပူချိန်လျော့ကျစေရန်နှင့် ကမ္ဘာ့အပူချိန်ကိုလည်း လျော့ချနိုင်စေရန်ရည်ရွယ်ပြီး သရုပ်ဆောင် နေထူးနိုင်နှင့်အတူ အရိပ်ရ သစ်ပင်ပေါင်း (၅,၀၀၀) ကို ၂၃.၆.၂၀၂၄ ရက်နေ့တွင် လှူဒါန်းစိုက်ပျိုးခဲ့ပါသည်။ သစ်ပင်အမြစ်များသည် မြေဆီလွှာ တိုက်စားခြင်းမှ ကာကွယ်ပေးပြီး မြေဆီသြဇာကို ထိန်းသိမ်းပေးပါသည်။ ၎င်းတို့သည် ရေလည်ပတ်မှုကို ထိန်းညှိရန်နှင့် ရေလွှမ်းမိုးမှုအန္တရာယ်ကို လျော့ချရန်လည်း အထောက်အကူပြုပါသည်။ စိုက်ပျိုးရေးကဏ္ဍနှင့် သဘာဝတရားသည် ဆက်စပ်နေသောကြောင့် ရာသီဥတုဖောက်ပြန်မှုဒဏ်ကို ရင်ဆိုင်ရပါက အများဆုံးခံစားရမည်မှာ တောင်သူလယ်သမားများ ဖြစ်ပါသည်။ ထို့အတွက်ကြောင့် မြန်မာ့သြဘာလုပ်ငန်းစုသည် သဘာဝပတ်ဝန်းကျင် ရေရှည်တည်မြဲရေး လုပ်ငန်းစဥ်များကို တတ်နိုင်တဲ့ဘက်မှဆောင်ရွက်ရင်း Sustainable Development Goals များထဲက Climate Action ကိုအကောင်အထည်ဖော် လုပ်ဆောင်နေခြင်း ဖြစ်ပါသည်။

